# ACC Against COVID-19




အစီအစဉ် (၆၃)

## “COVID-19 နှင့် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုများဆန်းစစ်လေ့လာခြင်း”

တင်ပြသူ

**နန်းမြကြာခြည်**

ကမ္ဘာပေါ်တွင် နေထိုင်ကြသော လူပုဂ္ဂိုလ်အချင်းချင်း၊ လူမှု အဖွဲ့အစည်းအချင်းချင်း၊ နိုင်ငံအချင်းချင်းနှင့် အစိုးရအချင်းချင်း တို့သည် တစ်နေရာမှ တစ်နေရာသို့ ချိတ်ဆက်ဆောင်ရွက်မှုများ ပို၍များပြားလာလျက်ရှိပြီး သာမန်နှင့်မတူသည့် ကပ်ရောဂါအခြေ အနေတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား ကူးလူးဆက်ဆံမှုများ ခေတ္တဆိုင်းငံ့ထားသည့် အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့နေရ ပါသည်။ ယင်းအခြေအနေမျိုးတွင်အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုများလည်း ဖြစ်ပေါ်လာနိုင်ပါသည်။

အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်ခြင်းသည် လူပုဂ္ဂိုလ်များကို ဆန်းစစ်ခြင်း မဟုတ်ဘဲ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ဆန်းစစ်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် အဂတိလိုက်စားနိုင်ခြေအန္တရာယ်လျော့နည်းစေရန် ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်း၊ စည်းကမ်းများတွင် ပါရှိသော အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုများကို စိစစ်လေ့လာဖော်ထုတ်ကာ ပြင်ဆင်ခြင်းဖြင့် အဂတိလိုက်စားမှုများကို ကြိုတင်တားဆီး ကာကွယ်နိုင်မည် ဖြစ်ပါသည်။

COVID-19 ကပ်ရောဂါကာလအတွင်း ဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများကို ဖြေလျော့၍ ဆောင်ရွက်ခြင်းများရှိသောကြောင့် ဝယ်ယူသော ကုန်ပစ္စည်းများ သည် အရည်အသွေးမပြည့်မီခြင်း၊ ဈေးနှုန်းမြင့်မားခြင်းများလည်း ဖြစ်ပေါ်နိုင်ပါသည်။ ယင်းအခြေအနေတွင် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုများ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ပြင် COVID-19 ကာကွယ်ရေးပစ္စည်းများနှင့် အခြားပစ္စည်းများ လှူဒါန်းမှုကို အကြောင်းပြု၍ အခွန်ရှောင်ခြင်းများလည်း ရှိနိုင်ပါသည်။

ယင်းအခြေအနေမျိုး မဖြစ်ပေါ်စေရန်အတွက် ထိပ်ပိုင်း အုပ်ချုပ်ရေးတာဝန်များကို အပ်နှင်းခံရသော တာဝန်ရှိသူများသည် လုပ်ငန်းတာဝန်များကို တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် ဆောင်ရွက်ပြီး ထုတ်ပြန်သင့်သော သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာစွာ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသင့် ပါသည်။

ထို့အပြင် အုပ်ချုပ်ရေးကဏ္ဍတွင် ပြည်သူ့ဘဏ္ဍာငွေ
အရင်းအမြစ်များ စီမံခန့်ခွဲမှု နှင့်စပ်လျဉ်း၍ စည်းမျဉ်း၊
စည်းကမ်းပိုမိုကောင်းမွန်စေခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာန/
အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်တိုးတက်စေခြင်း၊ လုပ်ပိုင်ခွင့်
နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ကို မျှတအောင်ဆောင်ရွက်
ပေးရန်လိုအပ်မည် ဖြစ်ပါသည်။

အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေများတွင် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ဆန်းစစ်ခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးများကို ခံစားရမည်ဖြစ်ပါသည်-

၁

အုပ်ချုပ်ရေးဆိုင်ရာ
လုပ်ငန်းများတွင်
ပွင့်လင်းမြင်သာမှုနှင့်
တရားမျှတမှု
တိုးတက်လာခြင်း၊

၂

ပြည်ထောင်စုဝန်ကြီးဌာန/
အဖွဲ့အစည်းများ၏
အဂတိလိုက်စားမှုတိုက်ဖျက်
ရေးစွမ်းဆောင်ရည်များ
တိုးတက်လာခြင်း၊

၃

အခွန်ထမ်းပြည်သူများ၏
အခွန်ဘဏ္ဍာငွေများကို
လေလွင့်ဆုံးရှုံးမှု
မရှိစေခြင်းနှင့်
လာဘ်ပေးလာဘ်ယူမှုများ
လျော့ချနိုင်ခြင်း




ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများအနေဖြင့် အနာဂတ်တွင် ဥပဒေကြမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်းနှင့်အမိန့်ကြော်ငြာစာများ ထုတ်ပြန်သည့် အခါတွင် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုများကို ပိုမိုဖော်ထုတ်လာနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုများကို ကိုင်တွယ်ဖြေရှင်းခြင်း Corruption Risk Assessment လုပ်ငန်းစဉ်သည် အဂတိလိုက်စားနိုင်ခြေများကြောင့် ပေါ်ပေါက်လာသည့် စီးပွားရေးနှင့် လူမှုရေးကုန်ကျစရိတ်များကို လျှော့ချရန် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ယင်းကုန်ကျစရိတ်များသည်အဂတိလိုက်စားမှုကို ကြိုတင်ကာကွယ်သည့်စရိတ်ထက်ပိုမိုကြီးမားပါသည်။



ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများသည် မိမိတို့ သက်ဆိုင်ရာဌာနအလိုက် ထုတ်ပြန်ထားသည့် အချို့သော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်လုပ်ထုံးလုပ်နည်းများရှိ အားနည်းချက်များ၊ ဂယ်ပေါက်များရှိ/မရှိ ဆန်းစစ်လေ့လာပြီး ဂယ်ပေါက်များ၊ အားနည်း ချက်များရှိနေပါက ပြင်ဆင်ခြင်းဖြင့် အဂတိလိုက်စားနိုင်ခြေအန္တရာယ် ရှိမှုများ လျော့နည်းကျဆင်းစေရေး ဖော်ထုတ်ဆောင်ရွက်သင့် ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

# ကိုးကားချက်

UNDP ၏ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုဆန်းစစ်လေ့လာချက်

Photos Credit >> Internet